မိတုန်ကုန်းကျေးရွာ

နမ့်မဖွဲကျေးရွာအုပ်စု၊ မံစီမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မိတုန်ကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

မိတုန်ကုန်းကျေးရွာ သယံဇာတပြမြေပုံ



မိတုန်ကုန်းကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



မိတုန်ကုန်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ



၁။ တည်နေရာနှင့် ပထဝီအနေအထား

မိတုန်ကုန်းကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ် နမ့်မဖွဲကျေးရွာအုပ်စု၊ မံစီမြို့မှ (၄)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ရိုးလယ်အနည်းငယ်နှင့် (၆၀၁) တပ်ရင်းတည်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ရာဘာခြံနှင့်ပြောင်းခြံများရှိပါသည်။ ရွာ၏တောင်ဘက်တွင် မဒုချောင်းနှင့်မှော်ဆိုင်တောင်တည်ရှိပြီး ရွာ၏မြောက်ဘက်တွင် နမ့်မဖွဲကျေးရွာနှင့် ဗန်းမော်-မန္တလေးလမ်းတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၅)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ သဖန်း၊ ကညင်ပင်၊ ဆင်တုံးမန္ကယ်၊ ကြောင်လျှာ၊ နန္ဒင်းဝါ၊ ကျွန်း၊ ငုပင်၊ သန္ဓေပင်၊ သပြေပင်၊ သစ်ဆိမ့်၊ တမာပင် အများအပြားရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ မိုးစပါးစိုက်ပျိုး နိုင်သောလယ်(၂၃)ဧက ရှိသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မိတုန်ကုန်းကျေးရွာတွင် ရာအိမ်မှူးနှင့်ဆယ်အိမ်ခေါင်းများပါဝင်သော အုပ်ချုပ်ရေးအဖွဲ့(၁) ဖွဲ့၊ ကျေးရွာတွင်းရှိ လူမျိုး၊ ဘာသာများအားလုံးပါဝင်ကာ မိမိတို့ကိုယ်တိုင်ရွေးချယ်တင်မြှောက်ထားသော ရပ်မိရပ်ဖကော်မတီ(၁) ဖွဲ့ နှင့် အခြားအဖွဲ့များဖြစ်သော အဖွဲ့ (၉) ဖွဲ့ရှိပါသည်-

(၁) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	(၁) ဖွဲ့
(၂) ရပ်မိရပ်ဖ(သို့)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့(၁) ဖွဲ့	
(၃) လူငယ်အဖွဲ့	(၁) ဖွဲ့
(၄) ပေါ်ခိန်မယ်ခိန်အဖွဲ့	(၁) ဖွဲ့
(၅) ကျေးရွာတွင်းငွေစုငွေချေးအဖွဲ့	(၃) ဖွဲ့
(၆) ကျောင်းကော်မတီ	(၁) ဖွဲ့
(၇) ကချင်ရိုးရာအဖွဲ့	(၁) ဖွဲ့
(၈) ကျန်းမာရေးကော်မတီ	(၁) ဖွဲ့
(၉) စပါးဘဏ်အဖွဲ့	(၁) ဖွဲ့

၎င်းအဖွဲ့များကိုသုံးသပ်ရာတွင် ကျေးရွာမှမိမိတို့ကိုယ်တိုင်လိုအပ်ချက်အရ လူထုကသဘောတူ ရွေးချယ်ထားသောအဖွဲ့များဖြစ်ပါသည်။ အဖွဲ့တိုင်းသည်လည်းတာဝန်ယူမှု တာဝန်ခံမှုအပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းပိုင်းကို ရာအိမ်မှူးနှင့်ဆယ်အိမ်ခေါင်းများက အဓိကတာဝန်ယူဆောင်ရွက်ကြပြီး ပြင်ပမှဝင်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို နာယကများနှင့်ရပ်မိရပ်ဖအဖွဲ့မှ အဓိကတာဝန်ယူ ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏နာယကများမှာ ခမ္မဆရာ၊ သင်ထောက်ကူဆရာ၊ ကျေးရွာရာအိမ်မှူး(ဥက္ကဋ္ဌ)တို့ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး/နာရေးကိစ္စများဖြစ်ပါက ရာအိမ်မှူး(ဥက္ကဋ္ဌ)၏ ဦးဆောင်မှု အောက်တွင် ရွာသူ/သားများအားလုံး တာဝန်ယူဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ကာ ကျေးရွာ၏လုပ်ငန်းတာဝန်များကိုဝိုင်းဝန်းလုပ်ဆောင် ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုး စပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့်နှမ်း အနည်း ငယ် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်(၈၂.၅)ဧက၊ တောင်ယာမြေ (၂၅)ဧက၊ ဥယျဉ်ခြံမြေ (၁၁)ဧက ရှိပါသည်။ လယ်ယာမြေမှာ မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်များမှာ မိုးရေကိုသာအဓိကထား၍ စိုက်ပျိုးရပါသည်။ စပါးတစ်ဧက အနည်းဆုံး (၆၀) တင်းမှ အများဆုံး (၈၀) တင်း ရရှိပြီး ပျမ်းမျှတစ်ဧက (၇၀) တင်းနှုန်းထွက်ပါသည်။ မိုးစပါးကို ဇွန်လတွင် ပျိုးထောင်ပြီး ဇူလိုင်လ တွင် ပျိုးနုတ်ကြပါသည်။ နိုဝင်ဘာလတွင်ပြန်လည် ရိတ်သိမ်းကြပါသည်။ ပြောင်းဖူးကို မေ၊ ဇွန် တွင် စိုက်ပျိုး ပြီးနိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ရိတ်သိမ်းကြပါသည်။ တစ်ဧက အနည်းဆုံး (၅၀)တင်းမှ အများဆုံး(၇၀) တင်းနှုန်းထွက်ပြီး ပျမ်းမျှတစ်ဧက (၆၀)တင်းနှုန်းထွက်ပါ သည်။ သို့သော် ကျေးရွာမှ ရင်းနှီးမတည်မှု အားနည်းသဖြင့် တနိုင်တပိုင်သာ စိုက်ပျိုးနိုင်ကြပါသည်။

စပါးနှင့်ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးလေ့မရှိပါ။ အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးလေ့ရှိကြသည်။ စပါး၊ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများ ကိုသာ စိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှု မှာဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ ဝင်ငွေရှာထွက်ကြပါသည်။ ယင်း အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးခြင်း ဝင်ငွေနည်းသည့်အတွက် မိသားစု ခက်ခဲမှုများပြား လာပါသည်။

ကျေးရွာတွင် မြေယာမဲ့(၁၅)အိမ်၊ ဆင်းရဲသားတောင်သူ(၃၇)အိမ်၊ တောင်သူငယ်၊ တောင်သူ လတ် နှင့် တောင်သူကြီးများ မရှိပါ။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြ သော်လည်း စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ မိတုန်ကုန်းကျေးရွာတွင် ကျွဲ (၇၃) ကောင်၊ နွား(၁၀၇) ကောင်၊ ဝက်(၁၁၀) ကောင်၊ ကြက်(၈၇၇)၊ ဘဲ(၃၅)နှင့် ငါးကန်များတွင် စားသုံးနိုင်ရန် ငါးများလည်း မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း(၂၃) တွင်း၊ အဝိစိတွင်း (၈) တွင်း၊ ကျန်အိမ်ထောင်များမှာ ပြည်တော်သာရေတွင်းနှင့် အများသုံးစက်ရေတွင်းကိုသာ အသုံးပြုကြပါသည်။ ရေ၏အရည်အသွေး ကောင်းမကောင်းကို စစ်ဆေးထားခြင်းမရှိပါ။ ရွာတွင်းရှိရေအရည်အသွေးသိရှိရန် စစ်ဆေးပေး စေလိုပါ သည်။

ကျေးရွာတွင် မူကြိုကျောင်းအဆင့်သာရှိပြီး ကျောင်းသားဦးရေမှာ (၁၉) ဦးရှိသည်။ မူလတန်း ကျောင်းကို နမ့်မဖွဲအုပ်စုကျောင်းတွင် သွားရောက်ပညာ သင်ကြားရပြီး အလယ်တန်းနှင့်အထက် တန်းကျောင်းသူ/သားများမှာ ကျေးရွာနှင့်(၄)မိုင်ခန့်ဝေးသော မံစီမြို့ အ.ထ.ကကျောင်းသို့ သွား ရောက်တက်ကြရသည်။ ရွာ၏လမ်းများမှာ ကွန်ကရစ်လမ်း(၄)ဖာလုံ ခန့်သာရှိပါသည်။ ကျောက်ခင်း လမ်းမှာ ပေ(၃၀၀)ခန့်ရှိပါသည်။ မြေသားလမ်းမှာ ပေ(၂၀၀၀)ခန့်ရှိပြီး နွေနှင့်ဆောင်းတွင် သွားလာရ ကောင်းမွန်ပြီး မိုးတွင်းအခါတွင် ရွံ့ဗွက်ဖြစ်သဖြင့် သွားလာရခက်ခဲပါသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ငှက်ဖျားရောဂါများ ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လနှင့်စက်တင်ဘာလများတွင် COVIT-19 ရောဂါကို နှစ်အိမ်ထောင်ခန့် ခံစားခဲ့ရပါသည်။ ရောဂါဖြစ်ပါက ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါသောကြောင့် မိမိအစီအစဉ် ဖြင့် ကုသခြင်း မံစီမြို့ဆေးရုံဆေးခန်းသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိ၍ လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုမှာ(၃၉) အိမ်ထောင်စုရရှိ၍ ကျန် (၂၄) အိမ်ထောင်စုမှာ လျှပ်စစ်မီးမရရှိသေးပါ။ လမ်းမီးအဖြစ်ကိုယ်ထူကိုယ်ထသုံးစွဲနေရပါသည်။

ကျေးရွာမှ ထွက်သော ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများကို ကျေးရွာမှ(၄)မိုင်ကွာဝေးသော မံစီစျေးသို့လည်းကောင်း၊ (၈) မိုင်ကွာဝေးသော ဗန်းမော်စျေးသို့လည်းကောင်း ဆိုင်ကယ်ဖြင့် သွားရောက်ရောင်းချကာ လိုအပ်နေသော စားသောက်ကုန်များကို ပြန်လည်ဝယ်ယူသုံးစွဲရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရစိုက်ပျိုးရေးဘဏ်မှ ချေးငွေ ရရှိသည်။ ပုံစံ ၇ ရှိသော လယ်တစ်ဧကလျင် ၁၅၀၀၀၀ ကျပ်နှင့် အများဆုံး ၁၀ ဧကအထိသာ ချေးငွေရနိုင်သည်။ အတိုး ၈၀ ပြားတိုး၊ ချေးငွေကာလ ၆-၈ လဖြစ်သည်။ စိုက်ဘဏ်ချေးငွေမှာ အတိုးနှုန်းသက်သာသော်လည်း စိုက်ပျိုးချိန် အမီချေးငွေမရရှိ၊ ကာလတိုချေးငွေဖြစ်သည်။ သီးနှံအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ သတ်မှတ်ထားချိန် တွင် မဖြစ်မနေပေးဆပ်ကြရသည်။ သီးနှံအောင်မြင်ပါကလည်း မိမိတို့သီးနှံကို စျေးကောင်းမစောင့် နိုင်ဘဲသတ်မှတ်ကာလတွင် ပေးဆပ်နိုင်ရန်ရောင်းချကြရသဖြင့် တောင်သူများအတွက် အကျိုးရှိမှုနည်းသည်။ ချေးငွေပမာဏမှာလည်း ကုန်ကျစရိတ်လုံလောက်မှု မရှိသောကြောင့် ကျန်လိုအပ်သော အရင်းအနှီးအချို့ကို မံစီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးသောကျေးရွာမတည်ရန်ပုံငွေ (VRFP) Type – 3 ကျပ် သိန်း(၁၀၀) မှ ချေးယူစိုက်ပျိုးကြရပါသည်။ VRFP မှာ ကာလရှည် ချေးငွေဖြစ်သောကြောင့် အတိုးနှုန်းသက်သာပြီး (၄) လတစ်ကြိမ် အတိုးပေးသွင်းရပါသည်။ အတိုးနှုန်းမှာ (၁) ကျပ်တိုးဖြစ်ပါသည်။

(င) ပညာရေး

ကျေးရွာတွင် မူကြိုကျောင်းအဆင့်သာရှိပြီး မူလတန်းနှင့် အလယ်တန်းကျောင်းသားဦးရေမှာ (၈၈) ဦးရှိပါသည်။ မူလတန်းကိုနမ့်မဖွဲကျေးရွာတွင် သွားရောက်တက်ရောက်ရပြီး အလယ်တန်းနှင့် အထက်တန်းကို မံစီမြို့ရှ အ.ထ.က ကျောင်းတွင် တက်ရောက်ရပါသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင် များအသင့်အတင့်ရှိပြီး ရေမီးသုံးစွဲမှုမှာလည်း အသင့်အတင့်ရှိပါသည်။ ကျောင်းအိမ်သာများ ကောင်းမွန် စွာအသုံးပြုနိုင်ပါသည်။ ဆင်းရဲသားမိသားစုမှ ကျောင်းသားများ၏ကျောင်းစရိတ်လုံ လောက်မှု မရှိပါ။ မိဘဆရာအသင်းအခန်းကဏ္ဍမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ လူငယ်များ၏ အသက်မွေးဝမ်း ကျောင်းပညာမှာ NGO များ၏ ပံ့ပိုးမှုဖြင့် သင်ကြားနိုင်သော်လည်း ထိရောက်မှု လက်ခံမှုအားနည်းပြီး နိမ့်ကျဆဲဖြစ်ပါသည်။ နမ့်မဖွဲကျေးရွာ၌ ကျေးလက်ဦးစီးဌာနမှ သင်ကြားပို့ချ သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဝါးအခြေခံယက်လုပ်နည်းသင်တန်း တက်ရောက် သူ (၁၅)ဦးအနက် (၂-၃)ဦးမျှသာ လက်တွေ့ အသုံးချပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ မူကြိုကျောင်း၏ တပည့်ဆရာအချိုးမှာ(၄၀:၁) အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်

မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ လုံလောက်မှုရှိသည်။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နှာစေးချောင်းဆိုးခြင်းများ အဖြစ် များပါသည်။ ခြင်ထောင်ကို စနစ်တကျသုံးစွဲမှု အားနည်းသောကြောင့် ငှက်ဖျားရောဂါများ၊ ရေဝပ် ခြင်းကြောင့် သွေးလွန်တုတ်ကွေးရောဂါများ အနည်းငယ်ဖြစ်ပွားလေ့ရှိပါသည်။

Comment [91]:

Comment [92]:

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာလျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက်ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှုအားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့်ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့်ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှုမြင့်သည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ ကျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီးရှားပါးလာသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများက အမျိုးသားများထက်ပို၍ ဦးဆောင်လေ့ရှိသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးနှင့်အမျိုးသားများ ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။ လူထုမှရွေးချယ်တင်မြောက်ကြသောအခါ အမျိုးသမီးများက အမျိုးသားများနှင့်ယှဉ်၍ ပေးအပ်သောတာဝန်ကို ထမ်းဆောင်နိုင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားနှင့်အမျိုးသမီး လုပ်အား ခတန်းတူ မရကြပါ။ ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း အမျိုး သားနှင့်အမျိုးသမီး လုပ်အားခတန်းတူမရပါ။ ၎င်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းမှာ လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ(၈၀၀၀) အထိရပြီး အမျိုးသမီး တစ်ရက်လုပ် အားခ (၆၀၀၀) အထိရကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာလည်း အမျိုးသား တစ်ရက် လုပ်အားခ (၆၀၀၀) အမျိုးသမီး တစ်ရက်လုပ်အားခ (၅၀၀၀) ကျပ်အထိရကြပါသည်။ ၎င်းတို့ကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင် ကျား/မ လုပ်အားခခွဲခြားမှုရှိသည်ကို တွေ့ရှိရ ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ရေပေးရေးစီမံကိန်း	၁။ မူကြိုကျောင်းအဝီစိတွင်း	၄
၂	မီးလင်းရေးစီမံကိန်း	၁။ အိမ်တိုင်းစေ့ လျှပ်စစ်မီးရရှိရေး	၇
၃	လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း	၁။ ကျေးရွာအစည်းအဝေးခန်းမဆောင် ၂။ ပစ္စည်းထိန်းသိမ်းဆောင် ၃။ မူကြိုကျောင်း ယင်လုံအိမ်သာ ၄။ ကျန်းမာရေးဆေးပေးခန်း ၅။ သံပန်းမကျွပ် ၆။ ကုန်ထုတ်လမ်း	၁ ၂ ၄ ၃ ၆ ၅
၄	အသက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများသင်ကြားပေးရန်	၁၀
၅	ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်း	၁။ သံစုံသီးဝိုင်း ၂။ ပုံစံ (၇) ရရှိရေး ၃။ ဘက်စုံသုံး သုံးဘီးယဉ်	၁၁ ၈ ၉

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ – လမ်းတံတားနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်း					
ကျေးရွာတွင်းမိုးလုံ လေလုံ အဆောက်အအုံများမရှိခြင်း၊ ပစ္စည်းများ ထိန်းသိမ်းရန် အတွက် အခက် အခဲများရှိခြင်း	အစည်းအဝေးများ၊ ကျန်းမာ ရေး၊ပညာရေး၊ လူမှုရေးဆိုင်ရာများလုပ်ကိုင်ဆောင်ရွက် ရန် မိုးလုံလေ လုံအဆောက် အအုံများမရှိခြင်း၊	ကျေးရွာတွင်းလုပ်အားများ ရရှိနိုင်သည်	ရန်ပုံငွေမရှိခြင်း	ကျေးလက်ဖွံ့ဖြိုးတိုးတက်ေးဦးစီးဌာနသို့ တင်ပြ တောင်းခံရန်	ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်း
၂။ ကဏ္ဍ – အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း					
ကုန်ထုတ်လုပ်မှုနှင့် မိသားစုတပိုင်တနိုင် ဝင်ငွေနည်းပါးခြင်း	အသက်မွေးဝမ်းကျောင်း နည်းပညာ ဖွံ့ဖြိုးမှုအားနည်ခြင်း	အဖွဲ့အစည်းများအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုသော လူငယ်များ ရှိခြင်း	ငွေအရင်းအနှီး နည်းပါးခြင်း	ကျေးလက်ဖွံ့ဖြိုးတိုးတက်ေးဦးစီးဌာနသို့ တင်ပြရန်	တပိုင်တနိုင်ဝင်ငွေရရှိနိုင်သော သက်မွေးဝမ်းကျောင်းသင်တန်းများ
၃။ ကဏ္ဍ – လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း					
လျှပ်စစ်မီး	ငွေကြေးမတတ်နိုင်ခြင်း	လျှပ်စစ်မီးသွယ်တန်းရန်	မီတာဘောက်တပ်ဆင်နိုင်	လျှပ်စစ်ဦးစီးဌာနနှင့်	အိမ်တိုင်းစေ့

အသုံးမပြုနိုင်ခြင်း	ကြောင့် လျှပ်စစ်စွမ်းအင်ပြည့်ဝစွာ အသုံးမပြုနိုင်ခြင်း	ဓါတ်အားလိုင်းရှိ	ခြင်းမရှိ	ချိတ်ဆက်ဆောင်ရွက်ရန်	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းနိုင်ရေး
၃။ ကဏ္ဍ – ပညာရေး					
မူကြိုကျောင်းသုံး ယင်လုံအိမ်သာမရှိခြင်းနှင့် အဝီစိတွင်း မရှိခြင်း	ယင်လုံအိမ်သာယိုယွင်းပျက်စီးနေခြင်းနှင့် သောက်သုံးရေသန့်မရရှိနိုင်ခြင်းကြောင့် ကျောင်းသား/သူများ ကျန်းမာရေးဆိုင်ရာများ အားနည်းလာခြင်း	ပညာရေးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဦးစီးဌာန ၊ ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ရန်	မူကြိုကျောင်း ယင်လုံအိမ်သာနှင့် အဝီစိတွင်း ရရှိနိုင်ရေး

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၁	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၁၉	၄၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၅	၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၁	၈၆	၁၇၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅	၈	၃၁၀
စုစုပေါင်း		**၁၅၈**	**၁၅၂**	**၃၁၀**
စုစုပေါင်း အိမ်ထောင်စု (၆၃)အိမ်		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၉%**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၃) ရှိပြီး လူဦးရေပေါင်း (၃၁၀) (ကျား ၁၅၈ + မ ၁၅၂) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ (၄.၉%) ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် နည်းသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၇ ဦး၊ ၂.၂၅% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၂၅ ဦး ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူတွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး (ကျား ၂၁+မ၁၉ ပ-၄၀) နှင့် အလယ်တန်းကျောင်းသားအရွယ် (ကျား ၂၃+မ ၂၅=ပ-၄၈) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူတိုင်းတာ နိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်(ကျား ၉၁+ မ ၈၆=ပ-၁၇၇)၊ (၅၇.၀၉%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ အသင့်အတင့်များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး (ကျား ၅+ မ ၈=ပ-၁၃) ဦး (၁.၉%) ရှိသည်။ ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။

(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ
(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ
ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၂.၅	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၅	ကောင်း ☐	သင့်☒	ညံ့☐
ဥယျာဉ်ခြံမြေ	၂၃			
ကိုင်း/ကျွန်းမြေ				
ခနိတောမြေ				
စားကျက်မြေ				
မြေလွတ် မြေလပ်				
စုစုပေါင်း	၁၄၀.၅			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် ၁၀၂.၅ ဧက၊ တောင်ယာမြေ ၂၅ နှင့် ဥယျာဉ်ခြံမြေ ၁၃ ရှိသည်။ စိုက်ပျိုးရေးအတွက် ချောင်းရေကိုသာ အဓိကထားအသုံးပြုနေရပါသည်။ မြေဆီလွှာအသင့်အတင့်ရှိသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(သတ္တုကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ	သဲ (သင့်)	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျှအပူချိန်	**ပျမ်းမျှမိုးရေချိန်- ၆၀၀ မှ ၈၀၀**	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဗန်းမော်-နမ့်ခမ်းကားလမ်းမကြီးဘေးတွင် ရှိပြီး ရွာ၏အရှေ့ဘက်ခြမ်းတွင် ခမရ(၆၀၁)တည်ရှိပါသည်။ ကျေးရွာသည် မြစ်၊ ချောင်းများနှင့် ဝေးသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ရာ၌ သဲ၊ ကျောက်နှင့် ကျောက်ကြီးများ

ကိုအလွယ်တကူ မရနိုင်သဖြင့် အခြားဒေသများမှ ဝယ်ယူရသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အသုံးဝင်သော ဆေးဖက်ဝင်အပင်များ အနည်းငယ်မျှရှိပြီး သစ်၊ ဝါးများ ကျေးရွာသုံးရန် အနည်းငယ်သာရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	အုပ်ချုပ်ရေး အဖွဲ့	၁☑ ၂☐ ၃☒	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ကောင်းမွန်မှုရှိ
၂	လူငယ်အဖွဲ့	၁☑ ၂☐ ၃☒	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်(၂၈)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်ကောင်းမွန်မှုရှိ
၃	ကျောင်း ကော်မတီ	၁☑ ၂☐ ၃☒	ပညာရေး ☑ငွေကြေး☒ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၄	ပေါ်ခိန် မယ်ခိန်အဖွဲ့	၁☐ ၂☑ ၃☒	ပညာရေး ☐ ငွေကြေး ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၅	ကချင်ရိုးရာ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၆	စပါးဘဏ်	၁☑ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၇	ငွေစုငွေချေးကော်မတီ	၁☑ ၂☐ ၃☒	ပညာရေး ☑ ငွေကြေး☑ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၈	ကျန်းမာရေးအဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး ☐ ငွေကြေးကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၉	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်ဆောင်နိုင်မှု အသင့်အတင့်ရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ (၃)ဖွဲ့ရှိပြီး လူမှုရေးနှင့် စီးပွားရေးပူးတွဲလုပ်နေသောအဖွဲ့ (၄) ဖွဲ့ရှိသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးကော်မတီအဖွဲ့ (၂) ဖွဲ့မှ ဦးဆောင်၍ တာဝန်ယူဆောင်ရွက်ကြပါသည်။ ၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၅ ဧက	၄.၅ ဧက	၃၅ ဧက	ဧက
အိမ်အခြေအနေ	တိုက်ခံ/သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး	သွပ်မိုး/ထရံကာ	သွပ်မိုး/ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာ(ကပ)	လယ်ယာ(ကပ)	လယ်ယာ(လသ)	လယ်ယာ(လသ)
အိမ်ထောင်စု (၆၃)	၅	၁၄	၂၁	၂၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မိတုန်ကုန်းကျေးရွာတွင် အိမ်ခြေ (၆၃) အိမ်ရှိပြီး အဆင့် ၁ (၅) အိမ် (၃.၁၅ %)၊ အဆင့် ၂ (၁၄)အိမ် (၈.၈၂%)၊ အဆင့် ၃ (၂၁) အိမ် (၃၃%)နှင့် အဆင့် ၄ (၂၃) အိမ် (၃၆%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် (၁) နှင့် အဆင့် (၂) အိမ်အရေအတွက်မှာ နည်းပြီး(၁၉) အိမ်ထောင်စု အနက် (၅) အိမ်သာ ပိုင်ဆိုင်မှုအနေဖြင့် အနည်းငယ်ရှိကြပြီး ဝမ်းစာဖူလုံမှုမှာ အတင့်အသင့်ရှိပါသည်။ အဆင့် (၃) အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ(၂၁) အိမ်ရှိသည့် အနက် (၁၄) အိမ်သာ စားနိုင်သောက်နိုင်ရှိကြပြီး၊ အဆင့်(၄) အလွန်အဆင်မပြေအိမ်ထောင်စု (၂၃) အိမ်ရှိ၍ လူဦးရေအရေ အတွက်များပြီး ပိုင်ဆိုင်မှုမှာအလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် (၄) အိမ်ထောင်စုများသည် အခြားရွာများသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရပါသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂) စိုက်ပျိုးနိုင်သောမြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၃	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့ (၁၅) အိမ်၊ ဆင်းရဲသားတောင်သူ (၃၀)အိမ်၊ တောင်သူငယ် (၁၄)အိမ်နှင့် တောင်သူလတ်(၄) အိမ်ရှိပါသည်။ မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူ အရေအတွက်အားဖြင့် (၆၃) ဦးရှိသော်လည်း မြေယာပိုင်ဆိုင်မှုမှာ အလွန်နည်းသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀၂.၅	တင်း	၆၀	၈၀	၇၀	နွေလိုင်လ	နိုဝင်ဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ပြောင်း	၂၅	တင်း	၅၀	၇၀	၆၀	ဧပြီလ	ဇွန်/ နွေလိုင်လ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☑ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါးနှင့်ပြောင်းတို့ဖြစ်ပါသည်။ စပါးစိုက်ကေပေါင်း(၁၀၂.၅)ကေရှိပြီး နွေလိုင်လတွင်စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တကေ တင်း ၆၀ မှ အများဆုံး တင်း ၈၀ နှင့် ပျမ်းမျှ ၇၀ တင်းနှုန်းထွက်သည်။ သွင်းအားစုလိုအပ်ချက်မှ အသင့်အတင့်ဖြစ်ပြီး အမြတ်ရရှိနိုင်မှု နိမ့်သည်။

ပြောင်းဖူးစိုက်ကေမှာ ၂၅ ကေခန့်ရှိပြီး ဧပြီနှင့်မေလတို့တွင် စတင်စိုက်ပျိုးပြီး ဇွန်နှင့် နွေလိုင်လတို့တွင် ရိတ်သိမ်းကြသည်။ တစ်ကေ အနည်းဆုံး တင်း ၅၀ မှ အများဆုံး တင်း ၇၀၊ ပျမ်းမျှ ၆၀ တင်းနှုန်းထွက်သည်။ ဈေးကွက်အလုံအလောက်ရှိပြီး အမြတ်အစွန်း ကောင်းစွာ ရရှိသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၈	၁၀၇

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နို့စားနွား	-	
ကျွဲ	၂၀	၇၃
မြင်း	-	
မြည်း	-	
လား	-	
ဆိတ်	-	
သိုး	-	
ဝက်	၄၃	၁၁၀
ကြက်	၅၅	၈၆၂
ဘဲ	၇	၃၅
နွားနောက်	-	
ငါးလုပ်ငန်း		
ငါးကန်	၁	၃၀၀၀ ခန့်
ပုဇွန်ကန်	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွားကို(၁၈) အိမ်မှ (၁၀၇) ကောင်၊ ကျွဲကို (၂၀) အိမ်မှ (၇၃) ကောင်၊ ဝက်ကို (၄၃) အိမ်မှ (၁၁၀) ကောင်၊ ကြက်ကို (၅၅) အိမ်မှ(၈၆၂) ကောင်၊ ဘဲ(၇) အိမ်မှ (၃၅) ကောင်နှင့် ငါးကန် (၁) အိမ်မှ (၃၀၀၀) ကောင်ခန့် မွေးမြူကြသည်။ ကျွဲ၊ နွားများကို လယ်၊ ယာ၊ မြေထွန်ယက် စိုက်ပျိုးရန်အတွက်သာ မွေးမြူကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအ တွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု(နှိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြ ချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	၃	၆	-	နိမ့်

၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၃	၃	-	နိမ့်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂	၂	-	နိမ့်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	၃	-	-	လတ်
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း	-	-	-	-
၁၂	ပညာရေး	၂	၂	-	နိမ့်
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေးလုပ်ငန်းများ	၄	-	-	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆောက်လုပ်ရေး၊လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူဦးရေမှာ (၆)ဦးရှိပါသည်။ ၎င်းတို့သည် ကျေးရွာတွင်သာအဓိကလုပ်ကိုင်ကြပါ သည်။ အပ်ချုပ်ဆိုင် (၃) ဆိုင်ရှိပြီး ၎င်းတို့၏ဝင်ငွေအပေါ်မှီခိုတည်နိုင်မှုမှာ အတင့်အသင့်ရှိပါသည်။ လက်လီ၊ လက်ကားရောင်းဝယ်သော ဈေးဆိုင်(၂)ဆိုင်ရှိ၍ စီးပွားဖြစ်မှုတွင် နိမ့်သည်။ ချေးငွေဝန်ဆောင်မှုလုပ်ငန်း (၃)ခုရှိ၍ အဖွဲ့အစည်း(၃)ခုမှ ချေးပေးပါသည်။ ပညာရေးဝန်ထမ်း (၂)ဦး၏ မိသားစုဝင်ငွေရပ်တည်မှုမှာ နိမ့်ပြီး လူမှုရေးလုပ်ငန်းအရေအတွက် (၄)ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	မံစီမြို့	ဗန်းမော်မြို့
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☐ ရထား ☑ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ နှင့်အနီးဆုံးဈေးမှာ မံစီဈေးဖြစ်ပြီး ၁ မိုင်မှ ၄ မိုင်ခန့်အထိကွာဝေး

ပါသည်။ကျေးရွာမှ ထွက်သောစပါး၊ ပြောင်းများစသော ကုန်စည်များကို ရောင်းမည်ဆိုပါက ဆိုင်ကယ်၊ ကား၊ ထော်လာဂျီများကို ငှား၍ အသုံးပြုရပါသည်။

အကြီးစားစျေးမှာ ဗန်းမော်မြို့တွင် တည်ရှိပြီး ဆိုင်ကယ်၊ ကား၊ ထော်လာဂျီများကို စင်းလုံး ငှါးသွားလာကြရသောကြောင့် ကုန်ကျစရိတ်များသည်။ အကယ်၍ အများပြည်သူသွားလာရန် ဘတ်စ်ကားလိုင်းပြေးဆွဲပေးနိုင်ပါက သယ်ယူစရိတ်သက်သာလာမည်ဖြစ်သည်။ ဗန်းမော်စျေးတွင် ကုန်မျိုးစုံလိုသလောက် အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် တစ်နေကုန်ရောင်း၊ ဝယ်နိုင်ပြီး စျေးအဆောက်အဦ နှင့် ဝန်ဆောင်မှုကောင်းသည်။

(၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☐ ၂☐ ၃☐ ၄☑ ၅☐	ကောင်း☑ သင့် ☐ ညံ့ ☐	၀လမှ ၁နှစ် ☑ ၂နှစ်မှ ၅နှစ် ☐ ၅နှစ်အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ကုန်ထုတ်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း ☐ သင့် ☐ ညံ့ ☑	၀လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ်အထက်☑	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☑ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☐ ၃☐ ၄☑ ၅☐	ကောင်း☑ သင့် ☐ ညံ့ ☐	၀လမှ ၁နှစ် ☑ ၂နှစ်မှ ၅နှစ် ☐ ၅နှစ်အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းမကြီးမှာ ကွန်ကရစ်လမ်းဖြစ်၍ (၄)ဖာလုံခန့်ရှိပြီး ဆောက်လုပ်ပြီးစီးသည်မှာ (၆)လခန့်မျှသာရှိပြီး ၎င်းလမ်းကို တစ်နှစ်ပတ်လုံးအသုံးပြုရပါသည်။ ကုန်ထုတ်လမ်းများမှာ ကျောက်ခင်းလမ်းနှင့် မြေသားလမ်းများဖြစ်သောကြောင့် နွေနှင့်ဆောင်းတွင် သွားလာရကောင်းမွန်သော်လည်း မိုးတွင်းအချိန်တွင် ရွံ့ဗွက်များဖြစ်၍ သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်၍ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☒ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☒
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းအသုံးမပြုပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၂၀	၇၂		၅	၄		

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၂၀ စီး၊ မော်တော်ဆိုင်ကယ်(၇၂) စီး၊ ထော်လာကျီ(၅) စီးနှင့်ကား(၄) စီးရှိသည်။ သယ်ယူပို့ဆောင်ရေးတွင်ယာဉ်လုံလောက်မှု ရှိသော်လည်းသွားလာရန် လိုအပ်ပါက စင်းလုံး၄၊၅သွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ် သွားလာရန်လိုအပ်ပါက အခက်အခဲရှိသည်။ ၄င်း အပြင် အချို့လူများအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သုံးဘီးဆိုင်ကယ်ထူထောင်လိုသော်လည်း အရင်း အနှီး မရှိသောကြောင့်ထူထောင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်း ပြေးဆွဲပေးပါရန်နှင့် သုံးဘီးဆိုင်ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၄၀
ဆိုလာစနစ်	၂၁
အသေးစားရေအားလျှပ်စစ်	-

ရင်းမြစ်	အိမ်ထောင်စု
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၂

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်အားလိုင်းမှ လျှပ်စစ်မီသုံးစွဲသူ အိမ်ထောင်စု (၄၀)၊ ဆိုလာစနစ်သုံးစွဲသူ(၂၁)အိမ်ထောင်စုရှိပြီးရာသီဥတုမကောင်းပါက အားမပြည့်ပါ၊ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၂) စုမှာ မီတာဘောက်တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် အိမ်တိုင်းစေ့မဟာဓါတ်အားလိုင်းအသုံးပြုနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

(၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၈၃	၂	၂၂

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၈၃ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူး ၃ မျိုးစလုံးလိုင်းမိ၊ လိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက်များကိုသာ အသုံးပြုကြသည်။ အရေးကြီးသည့် သတင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့လာစရာများကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။ တယ်လီဖုန်းအသုံးပြုရာတွင်လည်း ဖုန်းဘေလ်မှာ အသုံးပြုသည်ထက် ငွေဖြတ်တောက်မှုများခံစားနေကြရသော်လည်း အရေးယူဆောင်ရွက်မှုမရှိဘဲ ပြည်သူများ နစ်နာမှုများရှိသည်။ ရေဒီယို အသုံးပြုသူ (၂)အိမ်ရှိပါသည်။ တီဗီ (၂၂) လုံးရှိပြီး စလောင်းများတပ်ဆင်၍ နိုင်ငံတကာသတင်းအချက်အလက်များကို ကြည့်ရှုကြပါသည်။

(၆)ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၂၅	၂၈	၅၃
အလယ်တန်း	၁၅	၁၅	၃၀
အထက်တန်း	၃		၃

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
တက္ကသိုလ်/ကောလိပ်	၂	၆	၈

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းတက်ရောက်သူ (၅၃) ဦး၊ အလယ်တန်းကျောင်းတက်ရောက်သူ (၃၀) ဦး၊ အထက်တန်းကျောင်းတက်ရောက်သူ (၃) ဦးရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၈) ဦးနှင့် ဘွဲ့ရသူ ဦးရေမှာ (၆) ဦး ရှိသည်ကို ကြည့်ခြင်းဖြင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာ အသင့်အတင့် ရှိ ကြောင်းတွေ့ရသည်။

(၆–၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☑ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွှန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၃၃'×၃၄'×၁၀.၅'		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☑ ညံ့☐	ကောင်း☐ သင့်☐ ညံ့☐	ကောင်း☐ သင့်☐ ညံ့☐
စ။ကျောင်းသုံးပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑	လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐	ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ	ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
၈။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
၉။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်									
ကျေးရွာခန့်		၂	၂						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ မူကြိုကျောင်းဆောင်အခြေအနေမှာ သွပ်မိုး ၊ အုတ်ကာ ၊ ကွန်ကရစ်ခင်း(၁) ထပ်ဆောင်ဖြစ်ပြီး ကျောင်းမှာကြာမြင့်နေပြီဖြစ်သည့်အတွက် အမိုးအကာများ ပျက်စီးနေပြီဖြစ်ပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအတွင်းတွင်ရှိ၍ ကျောင်းသား/သူများ ခြေလျင်/စက်ဘီးဖြင့်တက်ရောက်ကြပါသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ ၊မိဘဆရာအသင်းများမှ ကူညီပံ့ပိုးပေးမှုများလည်းတွေ့ရပါသည်။ ယခုပညာသင်နှစ်တွင် ကျေးရွာခန့် ဆရာမ(၂)ဦး ခန့်အပ်ထားရှိပါသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

၈ယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၆	တီဘီ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၇	ဆီးချို	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၈	သွေးတိုး	*မြင့်*☑	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ၄က်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှု နိမ့်သည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းကြပါသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း ၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးကိရိယာ များ လိုအပ်လျက်ရှိသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☑	ရှိ ☑ မရှိ ☐

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိပါ။ တိုက်နယ်ဆေးရုံမရှိ၊ အရေးပေါ်ကိစ္စများဖြစ်ပေါ်လာပါက အခက်အခဲရှိသဖြင့် အရံသားဖွားသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။ မြို့နယ်ဆေးရုံမှာ မံစီမြို့တွင်တည်ရှိပြီး (၄) မိုင်ကျော်ကွာဝေးသည်။ အရေးပေါ်သွားလာရန် ယဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့်အရေးပေါ်သုံးသုံးဘီးယဉ်လိုအပ်သည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇-၄-၁) **သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း	၄၈	ရှိ☐ မရှိ☑	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝိစိတွင်း/ စက်တပ်	၃	ရှိ☐ မရှိ☑	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝိစိတွင်း/ တုံကင်		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မြစ်/ ချောင်းရေ		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
ရေကန်		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နေ့၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
				ဆောင်း ☐
စိမ့်စမ်းရေ		ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေတွင်း(၂၃) တွင်းနှင့် အဝိစိတွင်းစက်တပ် (၈) တွင်းရှိပါသည်။ ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်သုံးရေအရည်အသွေးစစ်ဆေးရန် လိုအပ်သည်။

(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၂
ရေလောင်း/ယင်လုံအိမ်သာ	၆၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	၁
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်(၆၃)အိမ်ရှိသည့် အနက်ရေဆွဲအိမ်သာ(၂)အိမ်၊ ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ (၆၀) အိမ်နှင့် တွင်းဇလားအိမ်သာ(၁)အိမ်ရှိပါသည်။ ကျေးရွာအနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု (၉၅.၂၃%)သုံးစွဲနိုင်သည်ကို တွေ့ရသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ကျေးရွာ၏ ၆.၃% မှာစားနပ်ရိက္ခာဖူလုံ၍ ကျန်(၉၃.၇%) မှာစားနပ်ရိက္ခာဖူလုံမှုမရှိပေ။ သဘာဝဘေးအန္တရာယ်များမှာ အအေးလွန်ကဲခြင်းနှင့် သစ်တောပြုန်းတီးခြင်းများဖြစ်တတ်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု		
မြေဆီဩဇာ အခြေအနေ	မြင့်☐	လတ်☑	နိမ့်☐
အပင်မျိုးစိတ်များ	မြင့်☐	လတ်☑	နိမ့်☐
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်☐	လတ်☑	နိမ့်☐
ရေအရင်းအမြစ်	မြင့်☑	လတ်☐	နိမ့်☐
ငါးမျိုးကွဲများ	မြင့်☐	လတ်☑	နိမ့်☐
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်☐	လတ်☑	နိမ့်☐
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်☐	လတ်☐	နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် မြေဆီဩဇာအခြေအနေမှာ မြေနီနှင့်သစ်တောမြေဆီလွှာဖြစ်သည်။ အပင်မျိုးစိတ်များမှာ ဆင်တုံးမန္တယ်နှင့် သစ်မာအနည်းငယ်ရှိသည်လယ်ယာလုပ်ငန်းအတွက်မိုးရေကိုသာ အဓိကထား အသုံးပြုကြပါသည်။ ငါးရံ့၊ ငါးခူ၊ ငါးငြေမ စသော ငါးမျိုးစိတ်များကိုလည်း ရွာပတ်ဝန်း ကျင်တောများမှ ရရှိနိုင်သည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* ☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☑	*မရှိ* ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☑
၄	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☑

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှုရှိပါသည်။ လူထုမှရွေးချယ်သောအခါ အမျိုးသမီးများ မိမိကိုယ် မိမိယုံကြည်မှု အပြည့်အဝဖြင့် တာဝန်ယူမှု တာဝန်ခံမှုများရှိကြပါသည်။ အမျိုးသမီးများ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။